# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## မြန်မာပြည် ငြိမ်းချမ်းရေးအတွက် သက်ဆိုင်သူ အားလုံး ပူးပေါင်း ဆောင်ရွက်ကြရန်

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ တိုက်တွန်း

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်

မြန်မာနိုင်ငံတွင် တရားမျှတမှုကို အခြေခံသော စစ်မှန်သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်အတွက် ပထမအဆင့်လိုအပ်ချက်ဖြစ်သော တစ်နိုင်ငံလုံး အတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေးကြေညာနိုင်ရန်အတွက် သက်ဆိုင်သူအားလုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အထူးမေတ္တာရပ်ခံလိုက်သည်။

ဦးသိန်းစိန် အစိုးရသစ် အာဏာရယူပြီးချိန်မှစပြီး ငြိမ်းချမ်းရေးကော်မတီဖွဲ့၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အပစ်ရပ်ရေး၊ နယ်မြေဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးဆွေးနွေးရေးစသည့် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို လုပ်ဆောင်သွားမည်ဟု အသိပေးထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်မှုအရ လက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နေမှုသည် အတိတ်ကာလကပြုလုပ်ခဲ့သော အပေါ်ယံအပစ်အခတ်ရပ်စဲရေးလမ်းကြောင်းကိုသာ ဦးတည်သွားမည်ကို မိမိတို့အနေဖြင့် အထူးစိုးရိမ်ပူပန်မိသည်။

ကချင်၊ ကရင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားအားလုံး၏ လိုအင်ဆန္ဒအမှန်မှာ မြန်မာနိုင်ငံတွင် ပင်လုံစာချုပ်၏ အနှစ်သာရများကိုအခြေခံ၍ နိုင်ငံရေးအရ တန်းတူညီမျှမှုရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်များရရှိရေးဖြစ်ပါသည်။

နိုင်ငံရေးအနှစ်သာရကင်းမဲ့သော ပြည်ထောင်စုနေ့ပေါင်းများစွာကို နှစ်စဉ်ကျင်းပနေသော်လည်း အမှန်တကယ် ပြည်ထောင်စုစနစ်ကို မကျင့်သုံးပါက တိုင်းရင်းသားများ၏ နိုင်ငံရေး မကျေလည်မှုများမှာ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး စစ်ပွဲများမှာလည်း အခိုက်အတန့်သာ ရပ်တန့်ကောင်းရပ်တန့်မည်ဖြစ်ကြောင်း ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် ပြန်လည်ဖြစ်ပွားနေသည့် စစ်ပွဲများက သက်သေပြလျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို အလေးထား၍ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် အရေးတကြီးလိုအပ်နေသည်ဟု မိမိတို့ ယုံကြည်သည်။

မိမိတို့ တိုင်းပြည်သည် လွတ်လပ်ရေးရပြီးချိန်ကစ၍ ယခုတိုင် နှစ်ပေါင်း ၆၀ ကျော် ပြည်တွင်းစစ် ဖြစ်ပေါ်နေသည့်အတွက် တိုင်းပြည်ဘဏ္ဍာကို တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် အသုံးမပြုနိုင်ဘဲ စစ်အသုံးစရိတ်များတွင် အများဆုံး အသုံးပြုနေခဲ့ရပြီး ပြည်သူလူထု၏ ဘဝများမှာ ဆင်းရဲမွဲတေ၍ အဖက်ဖက်မှ ချွတ်ခြုံကျနေရသည်။

၎င်းလက်နက်ကိုင် ပဋိပက္ခများကြားတွင် အပြစ်မဲ့ ပြည်သူများမှာ ဓားစာခံအဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ခံစားခဲ့ကြရပြီး စစ်ပွဲများ၏ဆိုးကျိုးကို အဓိက ခံစားရသူများမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြသည်။ သို့ဖြစ်၍ ပဋိပက္ခများ ပြေလည်စေရန်ပြုလုပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆင့်တိုင်းတွင် အမျိုးသမီးများ၏ ဆန္ဒသဘောထားများပါဝင်ရန်

လိုအပ်ပြီး အမျိုးသမီးကိုယ်စားလှယ်များပါဝင်မှုကို အားပေးရန်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးကို မိမိတို့အနေဖြင့် လေးနက်စွာ တိုက်တွန်းလိုသည်။

မိမိတို့ တိုင်းပြည်တွင် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ရန် ဦးသိန်းစိန်အစိုးရ၊ မြန်မာ့တပ်မတော်၊ ဒီမိုကရေစီနှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးထံ ပေးပို့မည့် မေတ္တာရပ်ခံစာအား ပြည်တွင်း၊ ပြည်ပရှိ မြန်မာနိုင်ငံသားများ၏ လက်မှတ်ရေးထိုး လှုပ်ရှားမှုတစ်ရပ်ကိုလည်း ယနေ့မှစ၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် –**

ဒေါ်တင်တင်ညို – ၆၆–၀၈၁–၀၃၂၂–၈၈၂

ဂျန်မွန်းနေလီ – ၆၆ – ၀၈၅–၆၂၅–၁၉၁၂